

Ascetic Sumedha receiving his first Sure Prediction of becoming a future Buddha from the Dipankara Buddha



တစ်နေ့သောအခါ ရမ္မာဝတီမြို့သို့ ဒီပင်္ကရာဘုရားမြတ်စွာ ကြွလာမည့်လမ်းမကြီးကို မွမ်းမံပြုပြင်နေကြသူများတွင် သုမေဓာရှင်ရသေ့သည်လည်း ပါဝင်လေ၏။ ထိုသို့ပြင်ဆင်နေစဉ်မှာပင် ဘုရားရှင်ကြွလာတော်မူသဖြင့် သုမေဓာရှင်ရသေ့သည် မပြီးသေးသောလမ်းတနေရာမှာ ဝမ်းလျားမှောက်၍ တံတားသဖွယ်ခင်းပေးကာ ဘုရားရှင်အား ရွှံ့ညွန်မထိမပေအောင် သူ့ခန္ဓာကိုယ်ပေါ်မှနင်းကြွရန် လျှောက်ထားလေ၏။ အနီးတွင် သုမိတ္တာအမည်ရှိသတို့သမီးငယ်သည်လည်း ကြာပန်းရှစ်ခိုင်ကိုကိုင်လျက် ဘုရားရှင်ကိုပူဇော်ရန် စောင့်ဆိုင်းနေလေ၏။ သူမ၏လက်ထဲမှ ကြာပန်းငါးခိုင်ကိုခွဲ၍ ရှင်ရသေ့အား ပေးလှူလေသော် သုမေဓာရှင်ရသေ့သည် ထိုကြာငါးခိုင်ဖြင့် ဘုရားရှင်အား ပူဇော်ယင်း "အကျွန်ုပ်သည် ဤဘုရားရှင်ကဲ့သို့ ဘုရားတစ်ဆူ ဖြစ်ရပါလို၏" ဟု အဓိဋ္ဌာန် ပြုလေ၏။ ဒီပင်္ကရာမြတ်စွာဘုရားက "ဤရသေ့မြတ်သုမေဓာသည် နောင်အခါ၌ ဂေါတမဟူသောအမည်ဖြင့် ဘုရားတစ်ဆူအဖြစ် ပွင့်တော်မူလိမ့်မည်၊ ဤသုမိတ္တာသတို့သမီးငယ်ကား ရသေ့မြတ်၏ ပါရမီဖြည့်ဖက် ဖြစ်လိမ့်မည်" ဟု ဗျာဒိတ်စကားမိန့်ကြားတော်မူလေ၏။

修行者苏密达知道燃灯佛将会来到燃摩城，便毅然参与为迎接佛陀而修补道路的工作。当佛陀已经到达时，他乃在修着路上的一个坑，为了实践要成佛的誓愿，他即刻卧倒在泥坑上，用自己的身体来完成修路的工作。当时，他身旁有一位手持八朵莲花的年轻女子名舒咪妲的，他把五朵莲花给了苏密达，自己留下三朵来许愿。

当燃灯佛看到这一切后，全知的他随即预告苏密达会在未来成佛，而心有所愿的舒咪妲，则会是他的常随良伴，贤淑妻子。

When ascetic Sumedha knew of the coming of Dipankara Buddha to the city of Rammavati, he took part in preparing the road for the Buddha. He was still repairing it when the Buddha arrived but he was determined to complete it by prostrating himself into the muddy hollow, in fulfilment of his vow to become a Buddha. Beside him was a young lady named Sumitta bearing eight stalks of lotus flowers. She gave the Ascetic five stalks and kept for herself three stalks for her own aspiration.

When the Buddha Dipankara saw this, He omnisciently declared the Ascetic Sumedha a future Buddha, while He stated that the aspiring young lady Sumitta would be his constant companion and helpmate.